ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

## (ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)

## ပူတာအိုမြို့နယ်


၂၀၁၉ ခုနှစ်

လုံရှာယာန်အုပ်စု၊ ပန်ဆာဒီ(၂)ကျေးရွာ


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၅ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၆ - ၇ |
| | (ခ) ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ - ၉ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀ - ၁၁ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၂ - ၁၃ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၄ - ၁၅ |
| | (စ) ဗင်းပုံစံ | ၁၆ - ၁၇ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၈ - ၁၉ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၂၀ - ၂၁ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၂၂ - ၂၃ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၄ - ၂၅ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၆ - ၃၁ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၃၂ - ၃၅ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၆ - ၄၀ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၄၁ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၄၂ |

၁။ မြို့နယ်မြေပုံ


ပူတာအိုမြို့နယ် အခြေပြမြေပုံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက်မ = ၄ မိုင်
အိန္ဒိယနိုင်ငံ
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာအုပ်စုနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

၂။ ကျေးရွာမြေပုံ (တည်နေရာ)


လုံရှာယာန်ကျေးရွာအုပ်စုပြမြေပုံ
လုံရှာယာန်ကျေးရွာအုပ်စု
ပူတာအိုမြို့နယ်
လန်းတောင်ကျေးရွာအုပ်စု
ဆွမ်ပိယာန်အုပ်စု
ရည်ညွှန်းချက်
မြို့နယ်ခြားနယ်နိမိတ်
ရပ်ကွက်/ကျေးရွာအုပ်စုခြားနယ်နိမိတ်
ပညာရေးကျောင်း
ဘုန်းကြီးကျောင်း
အကျဉ်းထောင်
ကတ္တရာလမ်း
မြစ်/ချောင်း

၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| **စဉ်** | **ကျေးရွာအမည်** | **ကျေးရွာအုပ်စုအမည်** |
|---|---|---|
| ၁ | နမ်အွမ်ဒန်းကျေးရွာ | လုံရှာယာန် အုပ်စု |
| ၂ | ကွန်ဆိုင်ယာန်ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၃ | **ပန်ဆာဒီ (၂) ကျေးရွာ** | လုံရှာယာန် အုပ်စု |
| ၄ | ပန်ဆာဒီ (၁) ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၅ | အင်ယိုဖွပ်ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၆ | အင်ဘီဘော့ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၇ | အင်ဖွမ်ဂါးကျေးရွာ | လုံရှာယာန် အုပ်စု |
| ၈ | မုံယာဒ် ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၉ | လုံရှာယာန်ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၁၀ | မဖွပ်ယာန်ကျေးရွာ | လုံရှာယာန် အုပ်စု |
| ၁၁ | အင်ယူခကျေးရွာ | လုံရှာယာန် အုပ်စု |
| ၁၂ | တန်ဂျာကျေးရွာ | လုံရှာယာန် အုပ်စု |
| ၁၃ | မဆွန်ဖွပ်ကျေးရွာ | လုံရှာယာန် အုပ်စု |

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

**ကျေးရွာတည်နေရာ။**

ပန်ဆာဒီ (၂) ကျေးရွာသည် ပူတာအိုမြို့နယ်၏ တောင်ဘက် ( ၂၁ ) မိုင်ခန့်အကွာ ပူတာအို - မြစ်ကြီးနားမော်တော်ကားလမ်း နံဘေးတွင်တည်ရှိပါသည်။ ကျေးရွာပေါင်း (၁၃)ရွာပါဝင်သည့် လုံရှာယာန်အုပ်စုအတွင်း တည်ရှိသည့် ပန်ဆာဒီ (၂) ကျေးရွာသည် မြောက်ဘက်တွင် ကွန်စိုင်ယာန်ကျေးရွာ၊ တောင်ဘက် တွင် အင်ဖွမ်ဂါးကျေးရွာတို့နှင့် နယ်နမိတ်ခြင်း ဆက်စပ်တည်ရှိနေပါသည်။

**ကျေးရွာသမိုင်းအကျဉ်း။**

ပန်ဆာဒီ (၂) ကျေးရွာသူ/သားများသည် ခေါင်လန်ဖူးမြို့နယ်မှဆင်းလာပြီး မုန်ရပ်ရှီးဒီရွာတွင် နေထိုင်ခဲ့ကြပါ သည်။ မုန်ရပ်ရှီးဒီရွာမှ (၁၉၆၈)ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် တရားဝင်ပြောင်းရွှေ့ ပေးခဲ့ကာ ပန်ဆာဒီ (၁)ကျေးရွာတွင် နေခဲ့ကြပါသည်။ ပန်ဆာဒီ (၁) ကျေးရွာတွင် လူဦးရေ များပြားလာပြီး (၁၉၇၃)ခုနှစ်တွင် ပန်ဆာဒီ (၂) ကျေးရွာသို့ အိမ်ထောင်ခွဲ နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။ ပန်ဆာဒီ (၂) ကျေးရွာ စတင်တည်ထောင်ချိန် အိမ်ခြေ စုစုပေါင်း (၂၃)အိမ်မှ စတင်နေထိုင်လာခဲ့ပါသည်။

ထိုအိမ်ထောင်စုများမှ အိမ်ခြေ/ အိမ်ထောင်စု (၁၅)စုမှာ လီဆူးတိုင်းရင်းသားများဖြစ်ကြပြီး ကျန် (၈)အိမ်မှာ ရဝမ်တိုင်းရင်းသားများ ဖြစ်ကြပါသည်။ (၁၀)နှစ်ကြာ အတူတကွ အေးချမ်းပျော်ရွှင်စွာ နေထိုင်လာခဲ့ကြပြီး (၂၀၀၃- ၂၀၀၄ ) ခုနှစ်တွင် ကျေးရွာခွဲထွက်ခဲ့သည်။ ( ၂၀၁၈)ခုနှစ်တွင် ပန်ဆာဒီ (၂) ကျေးရွာတွင် အိမ်ခြေပေါင်း (၈၆) အိမ်ထိ တိုးပွားလာခဲ့ပါသည်။ ယခု ( ၂၀၁၉ )ခုနှစ်တွင် အိမ်ခြေ/ အိမ်ထောင်စုပေါင်း (၈၁) အိမ် နှင့် လူဦးရေ ကျား (၂၆၅)၊ မ (၂၄၅)ဦး စုစုပေါင်း (၅၁၀)ဦး မှီတင်းနေထိုင်ကြပါသည်။

ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်မှုများအနေဖြင့် (၁၉၇၇)ခုနှစ်မှ စတင်ပြီး ဦးချော်ဖာဝူနှင့် ဦးကီနာတို့မှ ဦးဆောင်ကာ ရွာသူ/သားများအင်အားဖြင့် ပန်ဆာဒီ (၂)အားကစားကွင်းကို စတင်ဖောက်လုပ် ကစားခဲ့ပါသည်။ ၂၀၀၁၇ - ၂၀၁၈ခုနှစ်တွင် ဦးဆော်ထီနီနှင့် ဦးယော်ဆာဝူမှ ဦးဆောင်ပြီး ကြယ်ပွင့်သစ် မူကြိုကျောင်းဆောင်ကို တည်ဆောက်ခဲ့ပါသည်။ ပန်ဆာဒီ(၂)ကျေးရွာကို စတင်တည်ထောင်ခဲ့သော (၁၉၇၇)ခုနှစ်မှ ယနေ့အထိ ကျေးရွာ၏ လူကြီးများအဖြစ် ကျေးရွာတာဝန်ခံပေါင်း (၁၃)ဦးမှ အစဉ်အဆက် တာဝန်ယူ ဦးဆောင်ကာ စည်းလုံးညီညွတ်စွာဖြင့် အတူတကွ အေးချမ်းပျော်ရွှင်စွာ နေထိုင်လာခဲ့ကြပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီစွင်ပြပြက္ခဒိန် | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၁၈ | ၃၂ | ၅၀ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ



လူမှုရေးအရင်းအမြစ်ပြမြေပုံ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ပန်ဆာဒီ (၂)ကျေးရွာသည် လုံရာယာန်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ပူတာအိုမြို့မှ (၂၁)မိုင်ခန့်အကွာ တွင် မြစ်ကြီးနား - ပူတာအို ကားလမ်းမကြီးဘေးတွင် တည်ရှိပါသည်။

ပန်ဆာဒီ (၂) ကျေးရွာတွင် သဘာဝအရင်းအမြစ်များ မရှိပါ။ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူများဖြစ်ပြီး အခြားရွာသို့ သွားရောက်လုပ်ကိုင်ကြပါသည်။ အိမ်ခြေ၊ အိမ်ထောင်စုအရေအတွက်မှာ (၁၁၀)ခန့်ရှိပါသည်။ ကိုးကွယ်သောဘာသာမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုလည်းရှိပြီး (၆၅)နှစ်အထက် သက်ကြီးရွယ်အိုများလည်း ရှိကြောင်း သုံးသပ်ပါသည်။


ကျေးရွာအတွက်လိုအပ်သောဖွံ့ဖြိုးရေးလုပ်ငန်းများမှာ ရွာတွင်းလမ်းမကောင်းခြင်း၊ ရေမြောင်းမကောင်းခြင်း၊ မီးလင်းရေးလိုအပ်ခြင်း၊ မူကြိုဆောင်လိုအပ်ခြင်း၊ အားကစား ဘောလုံးကွင်းပြုပြင်ရန် လိုအပ်ခြင်းနှင့် အစည်းအဝေးပြုလုပ်ရန် ခန်းမဆောင်လိုအပ်နေကြောင်း လူမှုရေးအရင်းအမြစ်ပြမြေပုံတွင် တွေ့ရှိရသည်။

မြို့နယ်နှင့်ချိတ်ဆက်ထားသောလမ်းမှာ ကတ္တရာလမ်းဖြစ်သည်။ ပန်ဆာဒီ(၂) ကျေးရွာနှင့် ချိတ်ဆက် ဆက်စပ်နေသော ရွာမှာ နမ်အွမ်းဒမ်းကျေးရွာနှင့် အင်ယိုဖွပ်ကျေးရွာတို့ ဖြစ်ပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ပန်ဆာဒီ(၂)ကျေးရွာ၏ အိမ်ထောင်စုအရေအတွက်မှာ (၈၆)စု ရှိပါသည်။ ၎င်းတို့အနက် ချမ်းသာ၊ အသင့် အတင့်၊ ဆင်းရဲ၊ အလွန်ဆင်းရဲ ဟူ၍ အဆင့်သတ်မှတ်ပြီး ဆွေးနွေးသုံးသပ်ပါသည်။ ကျေးရွာအတွင်းရှိသူ အခြေအနေအရ သတ်မှတ်ဆွေးနွေးခြင်းဖြစ်သည်။

ချမ်းသာဟု သတ်မှတ်သောအိမ်ခြေမှာ ၇% သာရှိပြီး ပျဉ်ထောင်အိမ်၊ သုံးဘီးဆိုင်ကယ်၊ ဆန်စက်၊ လယ်မြေ(၃)ကေအထက်ပိုင်ဆိုင်သူ၊ ကျွဲနွားပိုင်ဆိုင်မှု အရေအတွက် များသော အိမ်ထောင်စုများဖြစ်သည်။

အသင့်အတင့်ရှိသော အိမ်ထောင်စုမှာ ၂၃%ရှိပြီး ဝါးအိမ်၊ ကျွဲနွားရှိသူ၊ လယ်ယာမြေရှိပြီး စားဝတ်နေရေးဖူလုံသူ၊ တစ်နှစ်ပတ်လုံးအတွက် အစာရေစာဖူလုံသော သူတို့ကို အလယ်အလတ်ဟု သတ်မှတ်ခြင်းဖြစ်သည်။


မပြေလည်သောအုပ်စုမှာ ၃၅% ရှိပြီး ဝါးအိမ်နှင့်နေပြီး လယ်ရှိ၍ ကျွဲနွားမရှိသူ၊ ဝင်ငွေနည်းပါးသူ၊ တစ်နှစ်ပတ်လုံးစာ ဝမ်းစာ မဖူလုံသူ၊ စိုက်ပျိုးရေးအဆင်မပြေသူများဖြစ်သည်။ ကြက်၊ ဝက် မွေးမြူခြင်းဖြင့် အသက်မွေးဝမ်းကြောင်းအတွက် အထောက်ကူပြုနေရသူများ ဖြစ်ကြသည်။

နွမ်းပါးသော အိမ်ထောင်စု အရေအတွက်မှာလည်း ၃၅% ခန့်ရှိပြီး ဝါးအိမ်၊ ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်သူ၊ ကျပန်းအလုပ်လုပ်စားသူ၊ လယ်ယာမရှိသူ၊ အစာရေစာ လုံးဝမဖူလုံသောအိမ်ထောင်စုများ ဖြစ်သည်။ ပန်ဆာဒီ(၂) ကျေးရွာတွင် အသက်မွေးဝမ်းကြောင်းအတွက် ခက်ခဲစွာ ရုန်းကန်လုပ်ကိုင်နေသူများပြားကြောင်း ဆွေးနွေးသုံးသပ်ပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း



ပိုင်ဆိုင်မှုသုံးသပ်ခြင်း

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

<u>သုံးစွဲမှု</u>

- ထင်း၊ ယက်ကန်း၊ ဇကော၊ ကြက်၊ ဝက်၊ ဘဲ၊ အပ် စသည်များကို အမျိုးသမီးများသုံးစွဲပြီး ကိုယ်တိုင်ထိန်းချုပ်ပါသည်။
- လယ်ထွန်စက်၊ နွားလှည်း၊ ဒူးလေး၊ ပလွေ၊ ဂီတာ၊ ဘောလုံး၊ တူ၊ လွှ၊ ဆောက် စသည့် အရင်းအမြစ်များသည် အမျိုးသားများသာ ပိုင်ဆိုင်သုံးစွဲကြသည်။
- ဖျာ၊ ဆန်စက်၊ ပလိုင်း၊ ဓား၊ ပေါက်ပြား၊ တံစဉ်း၊ အိမ် စသည့် အရင်းအမြစ်များကို အမျိုးသားနှင့် အမျိုးသမီး နှစ်ဦးစလုံး သုံးစွဲ ကြပါသည်။

<u>ထိန်းချုပ်မှု</u>


- ယက်ကန်း၊ ကြက်၊ ဝက်၊ ဘဲ၊ အပ်၊ ဖျာ၊ ချည်၊ ဦးထုတ် စသော အရင်းအမြစ်များကို အမျိုးသမီးများသာ ပြုလုပ်ခြင်း၊ မွေးမြူခြင်းရှိပြီး ထိန်းချုပ်ပါသည်။
- ဇကော၊ လယ်ထွန်စက်၊ နွားလှည်း၊ ဒူးလေး၊ ပေါက်စိန်၊ ဘောလုံး၊ လွှ၊ ဆောက်၊ ပလိုင်း၊ ဆန်စက်များကို အမျိုးသားများသာ ပြုပြင်ပြီး ထိန်းချုပ်ပါသည်။
- နှစ်ဦးစလုံး ထိန်းချုပ်သော အရင်းအမြစ်များမှာ ဓား၊ ပေါက်ပြား၊ တံဇဉ်း၊ အိမ် စသည့် အရင်းအမြစ်များ ဖြစ်သည်။


အထက်ပါ အရင်းအမြစ်များကို ခြုံငုံသုံးသပ်ပါက အမျိုးသား အမျိုးသမီး နှစ်ဦးစလုံးသုံးစွဲသော်လည်း အမျိုးသားများကသာ အများဆုံးထိန်းချုပ်ထားပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း



ပင့်ကူအိမ်သုံးသပ်ခြင်း

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ပန်ဆာဒီ(၂) ကျေးရွာ၏ ပင့်ကူအိမ် သုံးသပ်ခြင်းတွင် လူမှုရေးတွင်ပါဝင်နိုင်မှု၊ အလုပ်အကိုင် အခွင့်အလမ်း၊ အိမ်မှုကိစ္စ၊ အမွေရပိုင်ခွင့်၊ ပညာသင်ယူနိုင်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ မိသားစုတွင်ဦးဆောင်နိုင်မှု၊ ဝင်ငွေရှာဖွေနိုင်မှု၊ စသည့် ကဏ္ဍများကို ဆွေးနွေးသုံးသပ်ပါသည်။

မိသားစုတွင်ဦးဆောင်နိုင်ခြင်း၊ ဝင်ငွေရှာဖွေနိုင်ခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း၊ အမွေရပိုင်ခွင့် စသည့် ကဏ္ဍများတွင် အမျိုးသားများကသာ ရာနှုန်းပြည့် လုပ်ဆောင်နိုင်ခြင်းရှိနေသည်။

ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ လူမှုရေးတွင်ပါဝင်နိုင်မှု၊ ပညာသင်ယူနိုင်မှု စသည့် ကဏ္ဍများတွင် အမျိုးသားနှင့် အမျိုးသမီး တန်းတူ ဆောင်ရွက်နိုင်ခြင်းရှိနေသည်။

အမျိုးသမီးများသည် အိမ်မှုကိစ္စကဏ္ဍတွင်သာ ရာနှုန်းပြည့် ရှိနေပြီး အမျိုးသားများထက် ဆောင်ရွက်နေကြောင်း သုံးသပ်ကြပါသည်။

အထက်ပါကဏ္ဍအားလုံးတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အချိန်ကုန် အလုပ်များနေခြင်း၊ ဝင်ငွေရရှိမည့် အလုပ်တွင် ဦးစားမပေးခြင်း၊ ဆုံးဖြတ်ခြင်း၊ ဆွေးနွေးခြင်း စသည်တို့တွင်လည်း အသိအမှတ်ပြုခြင်း မရှိသောကြောင့်ဖြစ်သည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(င) ရာသီခွင်ပြပြက္ခဒိန်



ရာသီခွင်ပြပြက္ခဒိန်

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း


လုံရှာယာန်အုပ်စု၊ ပန်ဆာဒီ(၂)ကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်အရ သုံးသပ်ခြင်းမှာ-

- ရာသီဥတုမှာ ဇန်နဝါရီလတွင်အေးပြီး ဖေဖော်ဝါရီမှ ဧပြီလတွင် ပွင့်လင်းရာသီဖြစ်သည်။ မေလမှ ဇူလိုင်လအတွင်း မိုးများပြီး ဩဂုတ်နှင့် စက်တင်ဘာလတွင် မိုးနည်းသည်။ အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ပွင့်လင်းပြီး နှင်းဖွေးဖွေးကျသောရာသီဖြစ်သည်။
- ပန်ဆာဒီ(၂)၏ အဓိက လုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး မေလမှ နိုဝင်ဘာလအတွင်း လုပ်ကိုင်ကြသည်။ အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းလည်းဖြစ်သည်။ အခြားရာသီကာလများတွင် ပြောင်းဖူး၊ အာလူး၊ မုန်ညှင်းနှင့် အခြားသီးနှံများလည်း အနည်းငယ်စိုက်ပျိုးသည်။
- ကျန်းမာရေးအခြေအနေများတွင် မိုးများသော မေလမှ စက်တင်ဘာလအတွင်း ကျန်းမာရေးချို့တဲ့မှု၊ နေထိုင်မကောင်းဖြစ်ပွားမှု များပါသည်။
- ပန်ဆာဒီ(၂)ကျေးရွာတွင် ခရစ်ယာန်ဘာသာဝင်များ များပြားပြီး ရာသီပွဲတော်များမှာ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲ၊ ဧပြီလတွင်ရှင်ပြန်ထမြောက်ပွဲ၊ ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲတော် ကျင်းပကြသည်။
- အစားအစာဖူလုံမှုတွင် ဇွန်လမှ အောက်တိုဘာလတွင်နည်းပါးပြီး ကျန်သောလများတွင် အများပိုင်းဖူလုံပါသည်။ သောက်ရေမှာ ဇွန်လမှ နိုဝင်ဘာလတွင် ဖူလုံပြီး ကျန်သော ဇန်နဝါရီလမှ မေလအတွင်းတွင် သောက်သုံးရေမဖူလုံပါ။
- ပန်ဆာဒီ(၂)ကျေးရွာ၏ ဝင်ငွေမှ နည်းပြီး ထွက်ငွေမှာ များသည်။ ထို့ကြောင့် မွေးမြူရေး အနည်းအကျဉ်း ပြုလုပ်ပြီး အသက်မွေးဝမ်းကြောင်းအထောက်အကူပြုကြသည်။
- ကျေးရွာလူထုသည် ဇန်နဝါရီလမှ မတ်လအတွင်းတွင် အများပိုင်းအားလပ်ကြသည်။ ဩဂုတ်နှင့် စက်တင်ဘာလ တို့တွင်လည်း အလုပ်အားလပ်ကြပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(စ) ပင်းပုံစံ






ဗင်းပုံစံ (အဖွဲ့အစည်းချိတ်ဆက်မှု)

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၌ ဘာသာရေးသည် အရေးကြီးလိုအပ်ကြောင်းနှင့် ကျေးရွာလူထုမှလည်း အလေးအနက်ထားကြောင်း၊ လွှမ်းမိုးမှုလည်းရှိကြောင်း သုံးသပ်ပါသည်။ ထို့ပြင် အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာတာဝန်ခံသည်လည်း ကျေးရွာအတွင်းအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အဓိကဦးဆောင်ဆောင်ရွက်မှု ရှိကြောင်း သုံးသပ်မိပါသည်။

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းအထောက်အကူပြုကော်မတီများသည်လည်း ကျေးရွာလူထုနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ပါသည်။ အခြား မီးသတ်အဖွဲ့၊ လယ်ယာခြံကော်မတီ၊ မူကြိုကော်မတီ စသည့် အဖွဲ့များလည်းရှိပြီး ကျေးရွာအတွက် အရေးပါကြောင်း သုံးသပ်မိပါသည်။ ထို့ပြင် မီးလင်းရေးကော်မတီ၊ UNDP အဖွဲ့အစည်းလည်း ရှိပါသည်။


ပန်ဆာဒီ(၂)ကျေးရွာတွင် ပြင်ပမှ ချိတ်ဆက်ထားသော အဖွဲ့အစည်းများမှာ မြို့နယ်လူထုဗဟိုပြုစီမံကိန်း၊ ကျေးလက်သေဒဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေးဌာန တို့သည် ကျေးရွာနှင့် အမြဲတမ်း ထိတွေ့ဆက်သွယ်ဆောင်ရွက်လျှက်ရှိပါသည်။ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဆည်မြောင်းဌာနသည်လည်း ကျေးရွာနှင့်ချိတ်ဆက်မှုရှိကြောင်း သုံးသပ်မိပါသည်။


ကျေးရွာပြင်ပမှ လာသော ဘာသာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့များလည်းရှိသည်။ သို့သော် လာရောက်မှု ကျေးရွာနှင့်ချိတ်ဆက်မှုများတွင် အားနည်းမှုရှိကြောင်း သုံးသပ်မိပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ





အမျိုးသား/အမျိုးသမီးအခက်အခဲ ပြဿနာများ

ပန်ဆာဒီ(၂)ကျေးရွာ ရွာအတွင်းတွင် ရွှံ့များထူထပ်ပြီး ကလေးငယ်များ၊ အသက်အရွယ်ကြီးသူများနှင့် ကျောင်းသား/သူများ သွားရေးလာရေးအခက်အခဲရှိကြောင်းသုံးသပ်မိပါသည်။ ထို့အပြင် ကျေးရွာတွင်းရှိ ရေတွင်းမှာ အသုံးပြုသူဦးရေများသောကြောင့် နွေရာသီကာလတွင် တွင်းရေခမ်းသွားတတ်သောကြောင့် သောက်သုံးရေ မလုံလောက်ခြင်း၊ ရေမလုံလောက်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် ကျန်းမာရေးတွင်လည်း အခက်အခဲရှိကြောင်း သုံးသပ်မိပါသည်။

ကျေးရွာတွင် မီးမရှိသဖြင့် ကျောင်းသား/သူများ ညဘက်စာဖတ်ရန် ခက်ခဲပြီးပညာရေးကဏ္ဍတွင် နောက်ကျခြင်း၊ ညဘက်သွားလာရေးမှာလည်း အခက်အခဲဖြစ်ရကြောင်း သုံးသပ်ပါသည်။ ထို့အပြင် မူကြို ကျောင်းမှာလည်း ဝါးခင်း၊ ဝါးကာဖြင့် သင်ကြားနေရခြင်းကြောင့် လုံခြုံစိတ်ချရမှု မရှိသော အခက်အခဲများရှိနေကြောင်း ဆွေးနွေးကြသည်။


ကျေးရွာအတွင်းရှိ တံတားငယ်များလည်းမကောင်းသောကြောင့် ဖြတ်သန်းသွားလာရာတွင်လည်း ကောင်း၊ ကျောင်းသား/သူများသွားလာရေးနှင့် ယာဉ်များဖြတ်သန်းသွားလာရန် အခက်အခဲဖြစ်ကြောင်း သုံးသပ်ကြပါသည်။ ထို့ပြင် ကျေးရွာတွင် အခြားရွာများလို ငွေစုငွေချေး အဖွဲ့များမရှိသောကြောင့် အရေးပေါ်ကိစ္စများ ကြုံတွေ့ချိန်တွင် အခက်အခဲရှိသည်။


ကျေးရွာအတွင်းရှိ လမ်းတံတားများ ပျက်စီးလာခြင်းနှင့် ရွာအတွင်းရှိ ရေအိုင်များတွင်မြေဖို့ရန်၊ အသုံးပြုနိုင်ရန်အတွက် ကားတစ်စီး လိုအပ်နေကြောင်းလည်း သုံးသပ်ပါသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)



ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)


ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

- ပန်ဆာဒီ(၂)ကျေးရွာရှိ အမျိုးသား၊ အမျိုးသမီးများသည် ကျေးရွာတွင်းလမ်းကြားများကောင်းမွန်လာပါက ကျေးရွာလုပသာယာလာပြီး သွားရေးလာရေးအဆင်ပြေကာ ဖွံ့ဖြိုးတိုးတက်ခြင်းများရှိလာမည်ဟု မျှော်မှန်းထားကြသည်။ ထို့အပြင် ရွာတွင်းရှိ တံတားငယ်များကောင်းမွန်ပါက သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ယာဥ်များ အလွယ်တကူနှင့် အန္တရာယ်ကင်းစွာ ဖြတ်သန်းသွားလာနိုင်ရန် မျှော်လင့်သည်။
- ကျေးရွာတွင် သောက်သုံးရေ လုံလောက်လွယ်ကူစွာ ရရှိလာပါက အိမ်မှုကိစ္စ၊ ကျန်းမာရေးနှင့် စိုက်ပျိုးရေးတွင်ပါ ကောင်းမွန်လာမည် ဖြစ်ပြီး တစ်နှစ်ပတ်လုံး ရေအလွယ်တကူရရှိနိုင်ရေးအတွက် မျှော်မှန်းကြသည်။ ထို့ပြင် ကျေးရွာအတွင်း မီးရရှိလာပါက ကျောင်းသား/သူ ကလေးငယ်များ စာပုံမှန်လုပ်နိုင်ပြီး ညရေးညတာ သွားလာရေး အတွက်ပါ ပိုမိုလုံခြုံစိတ်ချစွာ သွားလာနိုင်ရန်လည်း မျှော်မှန်းကြပါသည်။
- ပန်ဆာဒီ(၂)ကျေးရွာတွင် မူကြိုကျောင်း ကောင်းမွန်လာပါက ကျောင်းတက်ကလေးငယ်များ ပိုမိုပျော်ရွှင်ဘေးကင်းစွာ ပညာသင်ကြားလာနိုင်မည်။ ထို့အပြင် ရွာတွင်းမြောင်းများကို ရေမြှုန်ထည့်လိုက်ခြင်းဖြင့် ရေစီးရေလာကောင်းမွန်ပြီး လမ်းများမပျက်စီးတော့ပဲ ရွှံ့ဗွက်များကင်းသွားမည်။ ရွာသူ/သားများ ကျန်းမာရေးလည်း ပိုကောင်းမွန်လာမည်ဟု မျှော်မှန်းပါသည်။
- ကျေးရွာအတွင်းရှိ ရွာသူ/သားများ အရေးပေါ် ငွေ အသုံးလိုလာသောအခါ ငွေချေးရန်အဆင်ပြေလာစေရန် လည်းကောင်း၊ လမ်းများပျက်စီးလာလျှင်ပြုပြင်ရန်အတွက် အသုံးပြုရေး ကားရရှိရန် စသည်များကိုလည်း မျှော်မှန်းထားကြသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ



ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ

ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း

ပန်ဆာဒီ(၂)ကျေးရွာတွင်နေထိုင်ကြသော အမျိုးသား၊ အမျိုးသမီးတို့၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရန် အတွက် မဲပေးရွေးချယ်ထားသော ဦးစားပေးလုပ်ငန်းများမှာ-

1) ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း
2) မူကြိုကျောင်းပြုပြင်ခြင်း
3) ရွာတွင်းတံတားပြုပြင်ခြင်း
4) မီးလင်းရေး (ရေအားလျှပ်စစ်)
5) ရေသွယ်/ရေကန် တည်ဆောက်ခြင်း
6) ကားရရှိရေး
7) ငွေစုငွေချေးလုပ်ငန်း
8) ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်းများဖြစ်ပါသည်။

အထက်ပါ လုပ်ငန်းများထဲမှ အမျိုးသား၊ အမျိုးသမီး အဆိုပြုထားသော ကားရရှိရေးနှင့် ငွေစုငွေချေး လုပ်ငန်းများမှာ အကျိုးမဝင်သော လုပ်ငန်းများဖြစ်သောကြောင့် ရွေးချယ်မှု မပြုခဲ့သည်ကို တွေ့ရှိရသည်။

မှတ်တမ်းတင်သူ ~ ဦးငွါးနီယို

လူထုစည်းရုံးရေးမှူး

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>[illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည်<br>[illegible] |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>[illegible] | ကျေးရွာ<br>[illegible] (၂) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) -[illegible]---- | 76 | ဘာသာ (၁) -[illegible] | 81 |
| လူမျိုးစု (၂) --[illegible]---- | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) -[illegible] | 1 | ဘာသာ (၃) ------------ | |
| လူမျိုးစုရော [illegible] | 4 | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | 6 | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 20 | | |
| စစ်ဘေးရှောင် | 0 | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | 265 | 245 |
| လူမျိုးစု (၁)-[illegible]---- | 244 | 222 |
| လူမျိုးစု (၂)-[illegible] | 7 | 7 |
| လူမျိုးစု (၃)-[illegible] | 14 | 16 |
| အခြား | | |
| အိမ်ထောင်ဦးစီး | 72 | 9 |

510

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင် သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | (ကတ္တရာလမ်း) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | (မြေသားလမ်း) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချကကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၃ မိနစ်----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်--------၄-၅ မိနစ်-------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင်ဖွဲ့စည်းထားသောအဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -[illegible]

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [illegible] နေ့ ၂၄.၁.၂၀၁၉

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၄.၁.၂၀၁၉

## ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| ကျေးရွာခေါင်းဆောင် အမည်<br>ဦး ဇော်ထိန် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဒေါ် နန်း ဒွေးဆာ | |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပုံကျားယာန် | ကျေးရွာ<br>ပန်ဆာဇီ (၂) |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) လီဆူ----- | ၈၀ ၅၉ | ဘာသာ (၁) -ခရစ်ယာန် | ၈၆ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော လီဆူ + ရှမ်း<br>လီဆူ+ဂျိန်းဖော<br>လီဆူ + ရဝမ် | ၁<br>၄<br>၂ | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၀ | | |
| စစ်ဘေးရှောင် | - | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၆၅ | ၂၅၈ |
| လူမျိုးစု (၁)-လီဆူ---- | ၂၅၄ | ၂၄၅ |
| လူမျိုးစု (၂)-[illegible] | ၁၁ | ၁၃ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၇ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| | | | | စေတီ | ☐ |
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အလယ်တန်းကျောင်း | ☐ | ဆေးပေးခန်း | ☐ | ဗလီ | ☐ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | အခြား | ☐ |
| အထက်တန်းကျောင်း | ☐ | | | | |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ ဝီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☑ | |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ — ရှိပါသည်/မရှိပါ (circled)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ
(၃)ဤစီမံချကကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ မိုင်/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--- ၃ မိနစ် ----- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------ ၄ မိနစ် ------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ရေကိုကော်မတီ--------------

(၂) ---------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တဝထ် ၁ါးခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးအောင်ထိန်

လက်မှတ် [signature] နေ့ ၃-၇-၂၀၂၈

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ဂျိုးရှုးအာ

လက်မှတ် [signature] နေ့စွဲ ၃-၇-၂၀၂၈

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂)

ပုံစံ - ၁ -၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဌါး မှိ ဟဲ | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု ကုံ ကိုး ယား ဒ | ကျေးရွာ ပင် ဆာ ဒီ (၂၂) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | | | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | | | | | | |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၅.၃.၂၀၁၉ | ၅.၃.၂၀၁၉ | ၁၈ | ၃၂ | ၅၀ | လီဆူ=၅၀ | | | | | ၆၁ | ၆၂% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၅.၃.၂၀၁၉ | ၅.၃.၂၀၁၉ | ၁၈ | ၃၂ | ၅၀ | လီဆူ=၅၀ | | | | | ၆၁ | ၆၂% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၉.၃.၂၀၁၉ | ၂၉.၃.၂၀၁၉ | ၂၁ | ၉ | ၃၀ | ရဝမ် ၃ | လီဆူ ၁၀ | ဗမာ ၂ | [illegible] ၃ | [illegible] ၄ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၀.၄.၂၀၁၉ | ၁၀.၄.၂၀၁၉ | မလို | မလို | မလို | မလို | | | | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | | | | | | — | | | | | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | | | | | | - | | |
| ၆.၂။ ဂယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - | | |

ပုံစံ - ၈ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ် ၶါး နန်းဘာ | | | |
| နေ့စွဲ ၄ - ၇ - ၂၀၁၈ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု | ကျေးရွာ (၂) |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃.၇.၂၀၁၈ | ၃.၇.၂၀၁၈ | ၄၁ | ၄၄ | ၈၅ | ပိုအို - ၈၃ \| ကျိန်းဖော့ - ၂ | ၈၆ | |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၄.၇.၂၀၁၈ | ၄.၇.၂၀၁၈ | ၂၉ | ၂၅ | ၅၄ | ကျိန်းဖော့ - ၂ ပိုအို - ၂၃ | ၈၆ | |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၇.၂၀၁၈ | ၁၉.၇.၂၀၁၈ | ၃၀ | ၁၆ | ၄၆ | ပိုအို - ၁၅ ကျိန်းဖော့ - ၁၅ ရှမ်း - ၁၁၊ ဗမာ - ၁၊ ?-၄ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၃၁.၈.၂၀၁၈ | ၆.၉.၂၀၁၈ | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | 14/9 2018 | 14/9 2018 | 12 | 14 | 26 | [illegible] - 1 ပိုအို - 25 | 86 | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ်ရေးဆွဲခြင်း | 14/9 2018 | 14/9 2018 | 12 | 14 | 26 | ရဝတီ-1 / မိဘ - 25 | 86 | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 14/9 2018 | 14/9 2018 | 12 | 14 | 26 | ရဝတီ-1 / မိဘ - 25 | 86 | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 14/9 2018 | 14/9 2018 | 12 | 14 | 26 | ရဝတီ-1 / မိဘ - 25 | 86 | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 4/11 2018 | 4/11 2018 | 18 | 12 | 30 | မိဘ - 30 | 86 | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | 4/10 2018 | 4/10 2018 | 16 | 28 | 44 | မိဘ - 43 / ရဝတီ-1 | 86 | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | 8/10 2018 | 8/10 2018 | 18 | 10 | 28 | မိဘ - 28 | 86 | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | 10/10 2018 | 10/10 2018 | 10 | 20 | 30 | မိဘ - 30 | 86 | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | 5/11/2018 | 5/11/2018 | 6 | 5 | 11 | မိဘ - 11 | 86 | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | 8/11/2018 | 8/11/2018 | 25 | 20 | 45 | မိဘ = 45 | 86 | |

## ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဌါး ရီ ယဒို |

| | |
|---|---|
| နေ့စွဲ ၅.၃.၂၀၁၆ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |

| ပြည်နယ်/တိုင်း | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကချင် | ပူတာအို | လုံ ရှာ ယာဒ | ယင်းတာဒိ (၂) |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ကျေးရွာအတွင်း လမ်းများ ရွှံ့ထူထပ်ပြီး ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ ကျေးရွာလူထုအားလုံး သွားလာရန် ခက်ခဲသည်။ | ☐ ကျား ☐မ ☑ ကျား+ မ |
| ကားလမ်းကြီး၊ ဆိုင်ကယ်၊ ယာဉ် အစရှိသော ယာဉ်များနှင့်ဆက်သွယ် သွားလာရန် အဆက်အသွယ် ခက်ခဲသည်။ | ☐ ကျား ☐မ ☑ ကျား+ မ |
| ကျေးရွာအတွင်းရေ သွယ်ယူရေကန် မရှိသောကြောင့် အဝတ်လျှော်ဖွပ်ခြင်း၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေး များ ကောင်းမွန်မှု မရှိပါ။ | ☑ ကျား ☐မ ☐ ကျား+ မ + |
| ရွာသိုတွင်း ရေ ထွက်ခင်း ဆောက် သွားသောကြောင့် သောက်ရေ၊ သုံးရေ မလုံလောက်သော အခက်ခဲ ဖြစ်သည် | ☐ ကျား ☑မ ☐ ကျား+ မ |
| ကျေးရွာတွင်း မူလတန်း သင်ကျောင်းသားကျောင်းသူများ အတက် နှင့် သွားလာရာတွင်၊ ပညာရေး စွန့်ထွက်မှုများ ရောက်ရှိနေပါသည်၊ | ☐ ကျား ☐မ ☑ ကျား+ မ |
| ကလေး မူကြိုကျောင်း သည် ဝါးခင်း၊ ဝါးကာနှင့် သင်ကြားနေသောကြောင့် ကလေးများ သင်ယူရန်နှင့် ကျန်းမာရေးပါ အခက်ခဲ ရှိသည်။ | ☐ ကျား ☐မ ☑ ကျား+ မ |
| ကျေးရွာအတွင်း လမ်းများ ပျက်စီး၍ လာရောက်ပြင်ဆင်ပြီး ပြင်ရန် ရွာတွင်းရှိ ရေအိုင်များကို ခဲမှို့နိုင်ရန် အသုံးပြုနိုင်ပါ | ☑ ကျား ☐မ ☐ ကျား+ မ |
| အဝေးရေပေါ် ငွေချေးခြင်းမရှိသောကြောင့် အခက်ခဲရှိသည် | ☐ ကျား ☑မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |
| | ☐ ကျား ☐မ ☐ ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| ရေ သွယ်ယူ ရောက်ရှိလာပါက အိမ်မှုကိစ္စ၊ ကျန်းမာရေး၊ ချက်ပြုတ်ရေး ကောင်းမွန်လာစေရန် မျှော်မှန်းပါသည်။ | □ ကျား □မ ☑ ကျား+ မ |
| ရွာတွင်းလမ်းများ ကောင်းမွန်လာပါက သွားလာရန် ကောင်းမွန်ပြီး ကျေးရွာလည်း ဖွံ့ဖြိုးတိုးတက်လာမည် | □ ကျား □မ ☑ ကျား+ မ |
| တံတားများ ကောင်းမွန်လာပါက ကျေးရွာ ကူးသန်း ယာဉ်များ အခွင့်အလမ်းကောင်း ရှာဖွေ ကူးနိုင်သည်။ | □ ကျား □မ ☑ ကျား+ မ |
| ရှေ့တော်ကျောင်းကောင်း လာပါက ကလေးများ ပညာရေး ကြွင်ကြွင် သင်ယူ ... ရှိမည်။ | □ ကျား □မ ☑ ကျား+ မ |
| မီး ရရှိလာပါက ကလေး များ စာကျက်မှု ... နိုင်ပြီး ညသွားလာရာတွင် ... အခွင့်အလမ်း ကောင်း မည်။ | □ ကျား □မ ☑ ကျား+ မ |
| - ကျေးရွာလူထု ငွေအဆင် ... ငွေချေးရန် အဆင်ပြေ လာမည်။ | □ ကျား ☑ မ □ ကျား+ မ |
| - ကားရရှိပါက လမ်းများပြန်လည်ပြုပြင်နိုင်မည်။ ရွာတွင်း ... ရေ အိုးများ ... နိုင်ပြီး ရွာများ ဖွံ့ဖြိုးတိုးတက်လာမည်။ | ☑ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအား ဖော်ပြပါ။

| ဦးစားပေးအဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း ၅၁၀ |
| ၁ | ရွာတွင်း သဲကျောက်ခင်းခြင်း | ကျ + မ | လမ်းတံတား | ၁ | ၆၃၆၀၀၀ | ၂၆၅ | ၂၄၅ | ၅၁၀ |
| ၂ | ရေပိုက်ကျောင်း-ပြုပြင်ခြင်း | ကျ+မ | အခြေခံ | ၂ | ၆,၀၀၀,၀၀၀ | ၂၆၅ | ၂၄၅ | ၅၁၀ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ရွာတွင်းကွန်ကရစ်တံတား ဆောက်ခြင်း | က+ဃ | ကွန်းတံတား | ၃ | ၃၆,၀၀၀,၀၀၀ | ၂၆၅ | ၂၄၅ | ၅၁၀ |
| ၄ | မိုးလင်းရေး (ရေအားလျှပ်စစ်) | က+ဃ | မိုးလင်းရေး | ၄ | ၁၅,၀၀၀,၀၀၀ | ၂၆၅ | ၂၄၅ | ၅၁၀ |
| ၅ | ရေသွယ်ရေကန် တည်ဆောက်ခြင်း | က+ဃ | ကန်တံတား | ၅ | ၄,၀၀၀,၀၀၀ | ၂၆၅ | ၂၄၅ | ၅၁၀ |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |
| ၁၁ | | | | | | | | |
| ၁၂ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အချိန်ကာလ |
|---|---|---|---|
| ၁ | ဆေးရုံရေး | အမျိုးသား | ၁၀ လ |
| ၂ | ငွေစုငွေချေးလုပ်ငန်း | အမျိုးသမီး | ၁၀ ရက် |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် --ဦး ခင်မောင်ရှာ-- လက်မှတ် --[signature]-- နေ့စွဲ --၅ ၊ ၃ ၊ ၂၀၁၉--

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ် [illegible] | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>လိုဂွာယာခို | ကျေးရွာ<br>ပန်ဆာဒီ (၂) |

**က။အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။** (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ကျေးရွာအတွင်းလမ်းများ ရွံ့များထူထပ်ပြီး ကျေးရွာလူထုများ သွားလာရန် အလွန်ခက်ခဲခြင်း: | ၁ | ရွာတွင်းလမ်း မကောင်းသဖြင့် ကျောင်းသူ ကျောင်းသားများ သွားလာရခက်ခဲခြင်း: |
| ၂ | တံတား ခိုင်ခံ့မှုမရှိသဖြင့် ကျေးရွာလူထု နှင့် ယာဉ်များ ဖြတ်သွားဖြတ်လာ လုပ်ရာတွင် ခက်ခဲခြင်း: | ၂ | နွေရာသီတွင် တွင်းရေခမ်းသွားသောကြောင့် သောက်ရေ၊ သုံးရေ ပုံမှန်မရှိခြင်း: |
| ၃ | ကျေးရွာအတွင်း ရေသွယ်ရေကန် မရှိသဖြင့် ဗိုက်ခွဲကိစ္စ၊ စိုက်ပျိုးရေး နှင့် ကျန်းမာရေး ခက်ခဲမှုရှိခြင်း: | ၃ | မီးမရှိသဖြင့် ကလေးများ ညဘက်စာကျက် ရာတွင် ခက်ခဲခြင်း၊ ပညာရေး နောက်ကျခြင်း: |
| ၄ | မီးမရှိသဖြင့် ကလေးများ ညဘက် စာကျက်ရာတွင် နှင့် ညဘက်သွားလာရာတွင် ခက်ခဲခြင်း: | ၄ | တံတားများ ခိုင်ခံ့မှုမရှိသောကြောင့် ဖြတ်သွားဖြတ်လာလုပ်ရာတွင် အန္တရာယ်ရှိခြင်း: |
| ၅ | မူကြိုကျောင်းတွင် ခါးခင်း၊ ခါးကာ နှင့် သင်ကြားရေးသဖြင့် ကလေးများ ဝင်ပျက်ရာ တွင်ခက်ခဲခြင်း: | ၅ | မူကြိုကျောင်း ပုံမှန်မရှိခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီး အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာတွင်းလမ်းများ ကောင်းမွန်လာပါက ရွာပြင်မှ လာပြီး ဖွံ့ဖြိုးတိုး တက်လာမည်။ | ၁ | ကျောင်းသား / သူ များ သွားလာရာတွင် အဆင် ပြေမှုရှိလာမည်။ |
| ၂ | ကလေး နှင့် မကြီးများ သွားလာရန် အန္တရာယ်ကင်း ပြီး၊ ယာဉ်များ အလွယ်တကူ သွားလာနိုင်မည်။ | ၂ | ရေသွယ်ရေကန် ရရှိလာပါက တစ်နှစ်ပတ်လုံး သောက်သုံးရေ ပုံမှန် ရရှိလာမည်။ |
| ၃ | ဗိုက်ခွဲကိစ္စ၊ ကျန်းမာရေး နှင့် စိုက်ပျိုးရေး တို့ ပိုမိုကောင်းမွန်လာမည်။ | ၃ | မီးရရှိလာပါက ကလေးများ ညဘက်စာလုပ် နိုင်သောကြောင့် ပညာရေး မြင့်မားလာမည်။ |
| ၄ | ကလေးများ စာမှန်မှန် ဖတ်နိုင်ပြီး ညသွား လာရာတွင် ဘေးအန္တရာယ်ကင်းမည်။ | ၄ | တံတားခိုင်ခိုင်ပေးပါက အန္တရာယ်ကင်းစွာ ဖြတ်သွားသွားလာနိုင်မည်။ |
| ၅ | မူကြိုကျောင်းကောင်းလာပါက ကလေးများ ပျော်ပျော်ရွှင်ရွှင် သင်ယူနိုင်မည်။ | ၅ | မူကြိုကျောင်း ပြင်ပြင်ပေးပါက ကလေးများ ပုံမှန် ပျော်ရွှင်စွာ သင်ယူ ကစားနိုင်မည်။ |

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျုံးဝင်သောဦးစားပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ကွာလွှင်းလမ်းဖြန့်ခင်း (သဲကျောက်) | အမျိုးသား+အမျိုးသမီး | ၂၈,၀၀၀,၀၀၀ | ၅၂၈ |
| ၂ | မူကြိုကျောင်းဖွင့်လှစ် | အမျိုးသား+အမျိုးသမီး | ၀ | ၅၂၈ |
| ၃ | ကွာလွှင်းတံတား (ကွန်ကရစ်) | အမျိုးသား+အမျိုးသမီး | ၁၆,၄၀၀,၀၀၀ | ၅၂၈ |
| ၄ | မီးလင်းရေး (ရေအားလျှပ်စစ်) | အမျိုးသား+အမျိုးသမီး | ၀ | ၅၂၈ |
| ၅ | ရေသွယ်၊ရေကန် တည်ဆောက် | အမျိုးသား+အမျိုးသမီး | ၀ | ၅၂၈ |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျုံးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကားဂိတ်ရေး | အမျိုးသား+အမျိုးသမီး | |
| ၂ | ငွေစုငွေချေး လုပ်ငန်း | အမျိုးသမီး | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး ဇော်ဝင်းနိုင် ------------ လက်မှတ် ------------------------ နေ့စွဲ ၃-၇-၂၀၁၈ --------

၁၁။ အစည်းအဝေးမှတ်တမ်းများ

ပန်ဆာဒီ(၂)ကျေးရွာ ရက်စွဲ။ ။ ၅၊ ၃၊ ၂၀၁၉ ။

အကြောင်းအရာ။ ။ ပထမအကြိမ်ကျေးရွာ အစည်းအဝေး

- အချိန်(၁၀း၀၀)နာရီမှ (၁၁း၀၀)နာရီအထိ စီမံကိန်းမိတ်ဆက်ခြင်းနှင့် စီမံကိန်းစက်ဝန်း အပိုင်း(၆)ပိုင်း အဆင့် (၁၄)ဆင့်တို့အား ရှင်းလင်းပြောကြားခြင်း။
- (၁၁း၀၀) နာရီမှ (၁၁း၃၀)နာရီအထိ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်း၏ ရန်ပုံငွေရရှိမှု အခြေအနေအားရှင်းလင်းတင်ပြသည်။
- (၁၁း၃၀)နာရီမှ (၁၂း၃၀)အထိ လူတိုင်းပါဝင်သော လူမှုဆန်းစစ်မှုပြုလုပ်ခြင်း (လူမှုရေးအရင်းအမြစ်ပြမြေပုံ၊ ဗင်းပုံစံ/ အဖွဲ့အစည်းချိတ်ဆက်မှု၊ ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း) များ ပြုလုပ်ကြသည်။
- (၁၂း၃၀) နာရီမှ (၁း၀၀)နာရီ (လက်ဖက်ရည်သောက်နားချိန်)
- (၁း၀၀)နာရီမှ (၁း၄၅)အထိ အဓိက တာဝန်ရှိသူများနှင့် တာဝန်ဝတ္တရားများ၊ ဆောင်ရန်ရှောင်ရန် အကြောင်း ရှင်းလင်းပြောကြားခြင်း
- (၁း၄၅)နာရီမှ (၂း၄၅)နာရီအထိ အကာအကွယ်များအကြောင်း ဆွေးနွေးခြင်း၊ ဒုတိယနှစ်စက်ဝန်းတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းခွဲရွေးချယ်တင်ပြခြင်း
- (၂း၄၅)နာရီမှ (၃း၃၀)အထိ အမေးအဖြေကဏ္ဍ၊ အစည်းအဝေး အနှစ်ချုပ်ခြင်းနှင့် အစည်းအဝေး အောင်မြင်စွာပြီးဆုံးခြင်း

တက်ရောက်သူ- အစည်းအဝေးမှတ်တမ်းပြုစုသူ

ကျား(၁၈) + မ(၃၂)= ပေါင်း (၅၀) ဦးခန်နော်မုန်မြင့်ယော် (လူထုစည်းရုံးရေးမှူး)

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား + မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | | | √ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ကွန်ကရစ်တံတား | | | √ | | | |
| | ၃ | မီးလင်းရေး (ရေအားလျှပ်စစ်) | | | √ | | | |
| | ၄ | ရေသွယ်ရေကန်တည်ဆောက်ခြင်း | | | √ | | | |
| | ၅ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | | | √ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | မူကြိုကျောင်းပြုပြင်ခြင်း | | | √ | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| ကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | ကားရရှိရေး | √ | | | | | |
| | ၂ | ငွေစုငွေချေးလုပ်ငန်း | | √ | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |